# ရေရှည် စောင့်ရှောက်ရေး အမိန့်

အချက်အလက်စာရွက်

ရေရှည် စောင့်ရှောက်ရေး အမိန့် တစ်ရပ်ကို Children’s Court က ကလေး သို့မဟုတ် လူငယ်လူရွယ် တစ်ယောက်မှာ သူတို့မိဘများ၏ စောင့်ရှောက်မှုအောက်သို့ ရေရှည်အားဖြင့် လုံခြုံစွာ မပြန်နိုင်သည့်အခါ အမိန့်ချမှတ်ပေးပါသည်။ ဤအမိန့်၏ ရည်ရွယ်ချက်မှာ ကလေး သို့မဟုတ် လူငယ်လူရွယ်အား သူတို့၏ ရေရှည် စောင့်ရှောက်ပေးသူက သူတို့ အသက် 18 နှစ် ပြည့်သည်အထိတိုင်အောင် စောင့်ရှောက်ပေးရန် ဖြစ်သည်။

Department of Health and Human Services (ဌာန) ၏ အတွင်းရေးမှူးတွင် ကလေးများနှင့် လူငယ်လူရွယ်များအပေါ် ရေရှည် စောင့်ရှောက်ရေး အမိန့် အရ မိဘများ အပါအဝင် အခြားလူများအား ဖယ်ရှား၍ မိဘအုပ်ထိန်းမှုဆိုင်ရာ တာဝန်ဝတ္တရား ရှိပါသည်။ ဆိုလိုသည်မှာ ကလေးများနှင့် လူငယ်လူရွယ်နှင့် ပတ်သက်၍ မိဘများ၌ သမားရိုးကျအားဖြင့်ရှိသည့် အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ အားလုံး အတွင်းရေးမှူးထံ၌ ရှိပါသည်။ အတွင်းရေးမှူးသည် ဤတာဝန်ဝတ္တရားများကို ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းများသို့ လွှဲအပ်ပေးနိုင်ပါသည်။

ရေရှည် စောင့်ရှောက်ရေး အမိန့် တစ်ရပ်အတွက် လျှောက်လွှာတစ်စောင်ကို Children’s Court သို့ မတင်သွင်းမီ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းသည် ကလေး သို့မဟုတ် လူငယ်လူရွယ်၏ စောင့်ရှောက်ရေးအတွက် အနာဂတ် အစီအစဉ်များကို မိဘများ၊ ကလေး သို့မဟုတ် လူငယ်လူရွယ်နှင့် ၎င်းတို့၏ ကြည့်ရှုစောင့်ရှောက်ပေးသူတို့နှင့် ဆွေးနွေးပါလိမ့်မည်။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းသည် သက်ဆိုင်သည့် အခြား အတတ်ပညာရှင်များထံမှ အကြံဉာဏ်ကိုလည်း ယူကောင်းယူနိုင်ပါသည်။

## ရေရှည် စောင့်ရှောက်ရေး အမိန့် တစ်ရပ်သည် မည်မျှ ကြာရှည်ခံပါသလဲ။

ရေရှည် စောင့်ရှောက်ရေး အမိန့် တစ်ရပ်သည် ကလေးမှာ အသက် 18 နှစ်ပြည့်သည့်တိုင်အောင် သို့မဟုတ် အိမ်ထောင်ပြုသည့်တိုင်အောင် ကြာရှည်ခံပါသည်၊ မည်သည်က ဦးစွာဖြစ်သည့်တိုင်အောင် ကြာရှည်ခံပါသည်။ ဌာနသည် 12 လ ပြည့်တိုင်း အမိန့်၏ လုပ်ငန်းဆောင်ရွက်မှုကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါသည်။ ၎င်းသည် အမှုကိစ္စ အစီအစဉ်၏ နှစ်စဉ် ပြန်လည်သုံးသပ်မှုလုပ်သည့် အချိန်အတူတူတွင် ကျရောက်ပါမည်။

## ကလေးသည် မည်သည့်နေရာတွင် နေထိုင်မည်နည်း။

Children’s Court သည် ရေရှည် စောင့်ရှောက်ရေး အမိန့် တစ်ရပ်ကို အကယ်၍ ကလေး သို့မဟုတ် လူငယ်လူရွယ်၏ လက်ရှိ စောင့်ရှောက်ပေးသူမှာ သူတို့ အသက် 18 နှစ်ပြည့်သည့်အချိန်တိုင်အောင် စောင့်ရှောက်ပေးနိုင်သည် မဟုတ်လျှင် အမိန့်မချမှတ်နိုင်ပါ။ ၎င်းမှာ ကလေး သို့မဟုတ် လူငယ်လူရွယ်အနေဖြင့် သူတို့၏ လက်ရှိ စောင့်ရှောက်ပေးသူနှင့် အကျွမ်းတဝင်ဖြစ်ပြီးတည်ငြိမ်သည့် ပတ်ဝန်းကျင်တစ်ခုတွင် ကြီးပြင်းလာနိုင်စေရန် အတွက် သေချာစေအောင်ဖြစ်သည်။

## မိဘများသည် သူတို့၏ ကလေးနှင့်အဆက်အသွယ် လုပ်နိုင်ပါသလား။

မိမိတို့၏ မိဘနှင့်အဝေးတွင် ကြီးပြင်းလာရသည့် ကလေးများနှင့် လူငယ်လူရွယ်များသည် သာမန်အားဖြင့် မိမိတို့၏ မိဘများ၊ မွေးချင်းများနှင့် သူတို့အပေါ် အရေးကြီးသည့် အခြားလူများတို့နှင့် ဆက်လက်တည်ရှိနေမည့် ဆက်ဆံရေးကို ရရှိရန် အကူအညီရာတတ်ကြပါသည်။

ဆက်သွယ်ရေးနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များကို ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဌာနက ဆုံးဖြတ်ပါလိမ့်မည်။ ဆက်သွယ်ရေးကို စီစဉ်ရန် သို့မဟုတ် လက်ရှိ အစီအစဉ်ချထားမှုများနှင့်ပတ်သက်၍ ပိုမိုသိရှိရန် ကလေး သို့မဟုတ် လူငယ်လူရွယ်၏ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းနှင့် စကား ပြောဆိုပါ။

## ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းသည် ဘာကိုလုပ်ပါသလဲ။

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းသည် ကလေး၏ အမှုကိစ္စအစီအစဉ်ကို အကောင်အထည်ဖော်လုပ်ဆောင်ရန်အတွက် တာဝန်ရှိသည်။

အမှုကိစ္စအစီအစဉ်ကို နှစ်စဉ် သို့မဟုတ် လိုအပ်လျှင် မကြာခဏ ပြန်လည်သုံးသပ်ပြီး မိသားစုများအား ပါဝင်ပတ်သက်ရန် အားပေးတိုက်တွန်းပါသည်။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဌာနသည် အစီအစဉ်၏ ရည်မှန်းချက်ကို စောင့်ကြပ်ကြည့်ရှုပေးမည်ဖြစ်ပြီး လုပ်ကိုင်ဆောင်ရွက်မှုများ အောင်မြင်မှုရအောင် သေချာစေ ပါမည်။

ရေရှည် စောင့်ရှောက်ရေး အမိန့် အရ ရည်မှန်းချက်မှာ ကလေး၏ အနာဂတ် စောင့်ရှောက်ရေးနှင့် သာယာဝပြောရေးကိုပေးအပ်ရန်အတွက် စောင့်ရှောက်ပေးသူများကို ထိန်းသိမ်းထားရန်နှင့် ထောက်ပံ့ပေးရန် ဖြစ်ပါသည်။

## ရေရှည် စောင့်ရှောက်ရေး အမိန့် တစ်ရပ်ကို ဖျက်သိမ်း (ပယ်ဖျက်) နိုင်ပါသလား။

ရေရှည် စောင့်ရှောက်ရေး အမိန့် တစ်ရပ်ကို ဖျက်သိမ်းရန် အတွက် လျှောက်လွှာတစ်စောင်ကို Children's Court သို့ ကလေး သို့မဟုတ် လူငယ်လူရွယ်၊ မိဘ သို့မဟုတ် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းက အကယ်၍ အခြေအနေများမှာ ပြောင်းလဲခဲ့ပြီး လျှောက်ထားသူသည် ကလေးမှာ အန္တရာယ်တွင်း မကျရောက်တော့ဟု ယုံကြည်လျှင် တင်သွင်းနိုင်ပါသည်။ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်းသည် အကယ်၍ ကလေးမှာ သူတို့၏ ရေရှည် စောင့်ရှောက်ပေးသူနှင့် မနေထိုင်တော့လျှင် အမိန့်ကို ဖျက်သိမ်းပေးရန် လျှောက်ရမည်ဖြစ်သည်။

မိဘ၊ ကလေး သို့မဟုတ် လူငယ်လူရွယ် တစ်ယောက်သည် အမိန့်ကို ဖျက်သိမ်းပေးရန်အတွက် လျှောက်ထားနိုင်သည်။ အမိန့်ချမှတ်သည့် ကနဦး 12 လ ကျော်လွန်ပြီးနောက် မိဘသည် အမိန့်ကို ဖျက်သိမ်းပေးရန် မလျှောက်ထားမီ Children's Court မှ ခွင့်ပြုချက်ကို ရယူရန်လိုအပ်လိမ့်မည်၊ ၎င်းကို Children's Court ၏ ခွင့်ပြုချက် ရှာဖွေသည်ဟု ခေါ်ပါသည်။

Children's Court အနေဖြင့် ဤသို့လုပ်ရန်မှာ ကလေး သို့မဟုတ် လူငယ်လူရွယ်၏ အကောင်းဆုံး အကျိုးကျေးဇူးများ ဖြစ်ကြောင်းနှင့် မိဘနှင့် ကလေး သို့မဟုတ် လူငယ်လူရွယ်မှာ ဌာန၏ အကူအညီကို မလိုအပ်တော့ကြောင်း ကျေနပ်သည် မဟုတ်လျှင် အမိန့်ကို ဖျက်သိမ်းပေးမည် မဟုတ်ပါ။

## တရားရုံးတွင် ဖြစ်ပျက်သည်ကို အကယ်၍ ကျွန်ုပ် သဘောမတူလျှင် ဘာဖြစ်မည်နည်း။

အကယ်၍ သင်သည် ရေရှည် စောင့်ရှောက်ရေး အမိန့် တစ်ရပ်အတွက် လျှောက်လွှာကို သဘောမတူလျှင် သင်သည် ၎င်းကို Children's Court ၌ ကန့်ကွက်နိုင်သည်။ အကယ်၍ Children's Court ၏ ဆုံးဖြတ်ချက်မှာ မမျှတဟု သင် ထင်မြင်လျှင် သင့်တွင် County Court သို့အယူခံဝင်ခွင့်ရှိသည်။ ၎င်းကို အမိန့်ချမှတ်ပြီး တစ်လ အတွင်း သင် အယူခံဝင်ရမည်။ အယူခံ လျှောက်လွှာပုံစံများကို သင်နှင့်အနီးဆုံး Children's Court, Magistrate's Court သို့မဟုတ် County Court တို့မှ ရရှိနိုင်ပါသည်။

အကယ်၍ သင်သည် Children's Court ၌ လျှောက်လွှာကို ကန့်ကွက်ရန် ဆုံးဖြတ်လျှင် သို့မဟုတ် Children's Court ၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရန် ဆုံးဖြတ်လျှင် ရှေ့နေတစ်ဦး၏ အကူအညီကို တောင်းခံရန် အကောင်းဆုံးဖြစ်ပါသည်။

## မိဘများနှင့် ကလေးများသည် မည်သည့်နေရာမှ ဥပဒေ အကြံဉာဏ်ကို ရရှိနိုင်ပါသလဲ။

ဥပဒေဆိုင်ရာ အကူအညီနှင့်ပတ်သက်၍ စုံစမ်းမှုများကို အောက်ပါတို့ထံ လုပ်နိုင်ပါသည်-

- တရားရုံးတွင် ၎င်းတို့အား ကိုယ်စားပြုပေးမည့် ရှေ့နေ
- ဒေသတွင်းရှိ ရှေ့နေတစ်ဦး (Yellow Pages ရှိ 'Solicitors' အောက်၌ ဖော်ပြထားသည်)
- Victoria Legal Aid, မဲလ်ဘုန်း ဖုန်းနံပါတ် 1300 792 387
- Law Institute of Victoria, ဖုန်းနံပါတ် (03) 9607 9311
- Victorian Aboriginal Legal Service Co-op Ltd, ဖုန်းနံပါတ် 1800 064 865
- Aboriginal Family Violence Prevention & Legal Service Victoria, ဖုန်းနံပါတ် 1800 105 303
- ဒေသတွင်း လူမှုအသိုင်းအဝိုင်း ဥပဒေဆိုင်ရာ ဝန်ဆောင်မှု

## ဆက်သွယ်ရမည့်သူ အချက်အလက်များ

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်း၏ အမည်- ______________________________

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်း၏ ဆက်သွယ်ရမည့် ဖုန်းနံပါတ်- ______________________________

ဒေသတွင်း Department of Health and Human Services ရုံးအား ဆက်သွယ်ရမည့် ဖုန်းနံပါတ်- ______________________

ပိုမိုသော အချက်အလက်များအတွက် သင့်ဒေသတွင်းရှိ Department of Health and Human Services ရုံးကို ဆက်သွယ်ပါ။

ဤထုတ်ဝေစာစောင်ကို မသန်မစွမ်းဖြစ်မှုရှိသူများအတွက် ရရှိနိုင်သောပုံစံဖြင့် လက်ခံရယူရန် အီးမေးလ်- cpmanual@dhhs.vic.gov.au ကိုပို့ပါ။

အမှတ် 1 Treasury Place, Melbourne တွင်တည်ရှိသည့် ဗစ်တိုးရီးယားပြည်နယ်အစိုးရမှ ခွင့်ပြုပြီးထုတ်ဝေသည်။

© ဗစ်တိုးရီးယားပြည်နယ်၊ Department of Health and Human Services ဇွန်လ 2016 ခုနှစ်

ဝက်ဘ်ဆိုက် www.dhs.vic.gov.au တွင်ရရှိနိုင်ပါသည်။